# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

Delta Gas Transportation Limited မှ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် 230 Kv ဓာတ်အားလိုင်းစီမံကိန်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) ၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်**

**(Environmental Compliance Certificate– ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
(Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၅၁၉ ) ရက်စွဲ ။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆ /၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | Mr. Ditsaphon Mikusol<br>Director |
| (ခ) | **ဆက်သွယ်ရန် ပုဂ္ဂိုလ်/လိပ်စာ** | - | Delta Gas Transportation Limited<br>အမှတ်(၂)၊ ဆည်မြောင်းရိပ်သာလမ်း၊ ၈မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊<br>၀၉-၇၈၄၄၄၃၃၂၇၊ ၀၁-၆၅၂၇၀၀ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | 230 Kv ဓာတ်အားလိုင်းစီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | ဧရာဝတီတိုင်းဒေသကြီး၊ကျိုက်လတ်မြို့နယ် အတွင်း |
| (စ) | **စီမံကိန်းတည်နေရာ** | - | ဧရာဝတီတိုင်းဒေသကြီး၊ကျိုက်လတ်မြို့နယ် အတွင်း |
| (ဆ) | **ECC သက်တမ်း** | - | (၅)နှစ်<br>စတင်ထုတ်ပေးရက် ၉-၈-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် ၈-၈-၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | ညွှန်ကြားရေးမှူးရုံး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၏ ၂၀-၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA / ဆန်းစစ်-၃ (IEE) (၁၃၆၁ /၂၀၂၃) |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်–

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**ရော၀တီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် 230 Kv ဓာတ်အားလိုင်းစီမံကိန်းအတွက် စီမံကိန်းအကြောင်းအရာ**

၁။ Delta Gas Transportation Limited မှ ရော၀တီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် 230 Kv ဓာတ်အားလိုင်းစီမံကိန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရော၀တီတိုင်းဒေသကြီး၏ ၂၀-၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA / ဆန်းစစ်-၃ (IEE) (၁၃၆၁ /၂၀၂၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Ditsaphon Mikusol၊ Director ၊ Delta Gas Transportation Limited၊ အမှတ်(၂)၊ ဆည်မြောင်းရိပ်သာလမ်း၊ ၈မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉-၇၈၄၄၄၃၃၂၇ ၊ ၀၁-၆၅၂၇၀၀ ဖြစ်ပါသည်။

၃။ **စီမံကိန်း၏ အဓိကအစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းတွင် လုပ်ဆောင်မည့် နေရာဒေသရှိ မြို့နယ်များသို့ စစ်တမ်းကောက်ခြင်း၊ တာဝါတိုင်အုတ်မြစ်များ တူးဖော်ပြီး ကွန်ကရစ်သွန်းလုပ်ခြင်း၊ တူးဖော်ရရှိသော မြေဆီလွှာများကို တာဝါတိုင်သို့ ပြန်လည်ဖြည့်တင်းခြင်း၊ လျှပ်ကူးပစ္စည်းများ၊ အလင်းကြိုးများကို စီမံကိန်းဧရိယာရှိ ယာယီသိုလှောင်ရုံတွင် သိုလှောင်ထားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ တာဝါတိုင်စုစုပေါင်း ၁၉၁ တိုင်ဖြင့် သွယ်တန်းတပ်ဆင်မည်ဖြစ်ပြီး တာဝါတိုင် တည်ဆောက်မှု အတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် Gas Pipeline နှင့် Transmission Line ကို ၁၅ မီတာ အကွာအဝေးဖြင့် တည်ဆောက်မည် ဖြစ်ပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းနှင့်စက်ပစ္စည်းများ။** စီမံကိန်းတွင် အသုံးပြုမည့် အဓိကကုန်ကြမ်း ပစ္စည်းများအနေဖြင့် ဓာတ်အားပေးတာဝါတိုင် အစိတ်အပိုင်းများ၊ လျှပ်ကူးပစ္စည်းများ (သို့မဟုတ်) ဝါယာများ၊ အလင်းရောင်ဖြင့်ဆက်သွယ်သည့် Optical Fiber Ground Wire (OPGW)၊ ဓာတ်အားခွဲရုံ၊ Switchyard၊ ဆက်သွယ်ရေးလမ်းကြောင်းတို့ ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရော၀တီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်အတွင်းတွင် တည်ရှိပါသည်။

# ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် 230 Kv ဓာတ်အားလိုင်းစီမံကိန်းအတွက် စီမံကိန်းတည်နေရာပြမြေပုံ (Location Map)



## ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် 230 Kv ဓာတ်အားလိုင်းစီမံကိန်းအတွက် စီမံကိန်းတည်နေရာပြမြေပုံ (Location Map)



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းချက်များ၊ အထွေထွေစည်းကမ်းသတ်မှတ်ချက်များ**
**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ (IEE) အရလိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၏ ၂၀-၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA/ဆန်းစစ်-၃ (IEE) (၁၃၆၁ /၂၀၂၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့် သက်ဆိုင်မှုရှိပြီး စီမံကိန်းက လိုက်နာဆောင်ရွက်ရမည့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် အခြားဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒ(၂၂) ခုနှင့် IFC Performance Standards on Environmental and Social Sustainability နှင့် IFC EHS Guidelines များတွင် သတ်မှတ်ဖော်ပြထားသည့်စံနှုန်းများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် လုပ်ဆောင်မည့် နေရာဒေသရှိ မြို့နယ်များသို့ စစ်တမ်းကောက်ခြင်း၊ တာဝါတိုင်အုတ်မြစ်များ တူးဖော်ပြီး ကွန်ကရစ်သွန်းလုပ်ခြင်း၊ တူးဖော်ရရှိသော မြေဆီလွှာများကို တာဝါတိုင်သို့ ပြန်လည်ဖြည့်တင်းခြင်း၊ လျှပ်ကူးပစ္စည်းများ၊ အလင်းကြိုးများကို စီမံကိန်းဧရိယာရှိ ယာယီသိုလှောင်ရုံတွင် သိုလှောင်ထားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ တာဝါတိုင် စုစုပေါင်း ၁၉၁ တိုင်ဖြင့် သွယ်တန်းတပ်ဆင်မည်ဖြစ်ပြီး တာဝါတိုင်တည်ဆောက်မှုအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် Gas Pipeline နှင့် Transmission Line ကို ၁၅ မီတာ အကွာအဝေးဖြင့် တည်ဆောက်မည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖုန်မှုန့်ထွက်ရှိနိုင်သည့်နေရာများအား ရေဖျန်းခြင်းများဆောင်ရွက်ရန်၊

(၂) မြေစာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်ဆောင်သည့်ယာဉ်များကို ဖုံးအုပ်ပြီးမှမောင်းနှင်စေရန်၊

(၃) ယာဉ်၊ ယန္တရားများအား ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်၊

(၄) ယာဉ်အသုံးပြုသွားလာသည့် အကြိမ်အရေအတွက် လျှော့နည်းစေရေး လုပ်ငန်းခွင်အချိန်ဇယား ရေးဆွဲဆောင်ရွက်ရန်၊

(၅) လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် သစ်ပင်များကို စိုက်ပျိုးသွားရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်သို့ စွန့်ပစ်ရေများ ယိုဖိတ်မှုနှင့် အနည်ဆိုးများထွက်ရှိမှု မရှိစေရေး စွန့်ပစ်ရေသိုလှောင်သည့်နေရာအား စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊

(၂) မိလ္လာရေဆိုးများကို သန့်စင်ပြီးမှ အပြင်သို့စွန့်ထုတ်ရန်နှင့် ကျန်ရှိသော အနည်အနှစ်များကို ထရပ်ကားများဖြင့် အခါအားလျော်စွာ ပို့ဆောင်မည်ဖြစ်ပြီး လိုင်စင်ရ ကန်ထရိုက်တာမှ စီမံခန့်ခွဲဆောင်ရွက်သွားရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ထားသည့်မြေများအား စမ်းချောင်းနှင့် ရေမြောင်းများကဲ့သို့ ရေအရင်းအမြစ်များနှင့် ဝေးရာတွင်ထားရှိခြင်းဖြင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေထုညစ်ညမ်းခြင်းအားကာကွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) မြေစာများအား မြေဖို့ခြင်းမပြုမီအထိ ဖုံးအုပ်ထားရန်နှင့် မြေဖို့ပြီး ပိုသည့် မြေစာများအား ဖယ်ရှားရှင်းလင်းသွားရန်၊

(၃) မိုးရွာသွန်းမှုလျော့နည်းပြီး စိမ့်ဝင်မှုနည်းပါးသည့် မုတ်သုန်ကင်းလွတ်သည့် ရာသီများတွင်သာ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန်၊

(၄) စီမံကိန်းအနီးလယ်ကွင်းများ၏ သီးနှံနှင့် မြေဆီလွှာညစ်ညမ်းခြင်းနှင့် ထိခိုက်မှုများအား ရှောင်ကြဉ်နိုင်ရေး ဆောက်လုပ်ရေးပစ္စည်းများအား လုပ်ငန်းခွင်အတွင်းသာ ထားရှိရန်၊

(၅) လမ်းဟောင်းများကိုသာ အသုံးပြုရန်နှင့် လမ်းသစ်ဖောက်လုပ်ရန် လိုအပ်ပါက ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ပြီးမှသာ ဖောက်လုပ်သွားရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ညအချိန်တွင် မည်သည့်လုပ်ငန်းမှဆောင်ရွက်ခြင်းမပြုရန်၊

(၂) ထိတွေ့ဝန်းကျင် ဆူညံသံအား 55 dBA အောက်သာရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(၃) အသံဆူညံမှုနည်းသည့် စက်ပစ္စည်းကိရိယာများကို အသုံးပြုသွားရန်၊

(၄) အသံဆူညံမှုလျော့နည်းသက်သာစေရေး စီမံကိန်းကအသုံးပြုသည့် ယာဉ်/ယန္တရားများအား ပုံမှန်စစ်ဆေးပြုပြင်ခြင်းများ ပြုလုပ်ရန်၊

(၅) 80 dB အထက်ရှိသည့်ဆူညံသံထွက်ရှိမည့် လုပ်ငန်းခွင်မှ အလုပ်သမားများအား နားကြပ်နှင့် နားအကာအကွယ်ပစ္စည်းများ လုံလောက်စွာထုတ်ပေး၍ လုပ်ငန်းခွင်တွင် တပ်ဆင်စေရန်၊

(၆) စီမံကိန်း၏ ၃ ကီလိုမီတာအတွင်း စာသင်ကျောင်းရှိပါက ကျောင်းချိန်တွင် ဆူညံသံ ထွက်ရှိစေမည့်လုပ်ငန်းများ လုံးဝဆောင်ရွက်ခြင်း မပြုရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ပြီးပါက ဆောက်လုပ်ရေးသုံး စွန့်ပစ်ပစ္စည်းများအား ချက်ချင်းဖယ်ရှားပြီး လုပ်ငန်းခွင်အား မူလအခြေအနေနှင့် အနီးစပ်ဆုံးဖြစ်စေရေး ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်၊

(၂) စီမံကိန်းဝန်ထမ်းများအား စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်စေရေး သင်တန်းပို့ချခြင်းနှင့် ကြီးကြပ်ခြင်းများဆောင်ရွက်သွားရန်၊

(၃) စီမံကိန်းကတူးထုတ်သည့်မြေစာများအား သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားရန်၊

(၄) မြေစာစုပုံရမည့်နေရာသတ်မှတ်၍ အဆိုပါနေရာတွင်သာ စုပုံသွားရန်၊

(၅) အမှိုက်ပုံးများ အလုံအလောက်ထားရှိရန်၊

(၆) စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုထိန်းချုပ်ရေးအတွက် 3Rs (Reduce; Reuse; Recycle) စသည့် အလေ့အကျင့်ကောင်းများအသုံးပြုသွားရန်။

(ဈ) **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဝန်ထမ်းများ၊ ကန်ထရိုက်တာများနှင့် အလုပ်သမားများအား အမဲလိုက်ခြင်းမပြုလုပ်ရေး တားမြစ်ထားရန်၊

(၂) တောရိုင်းတိရစ္ဆာန်များအပေါ် ထိခိုက်မှုမှကာကွယ်နိုင်ရန် တည်ဆောက်ရေးလုပ်ငန်းမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် အိမ်သုံးစွန့်ပစ်ပစ္စည်းများအား သင့်လျော်သည့် နေရာများတွင် သိုလှောင်စွန့်ပစ်သွားရန်၊

(၃) စက်သုံးဆီ၊ စွန့်ပစ်အမှိုက်နှင့် ဓါတုပစ္စည်းများအား သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ စွန့်ပစ်သွားရန်၊

(၄) စီမံကိန်းက မဖြစ်မနေခုတ်ထွင်ရှင်းလင်းရမည့် သစ်ပင်များအတွက် သစ်တောဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊

(၅) ဓါတ်အားလိုင်းတစ်လျှောက် ပေါင်းပင်များရှင်းလင်းရာတွင် ပေါင်းသတ်ဆေးအသုံးပြုခြင်းမရှိအောင် တားမြစ်ဆောင်ရွက်ရန်၊

(၆) မျိုးသုဉ်းသည့် အန္တရာယ်နှင့် ကြုံတွေ့နေရသည့် တိရိစ္ဆာန်မျိုးစိတ်များအတွက် နေထိုင်ကျက်စားရာနေရာများ ဖန်တီးပေးသွားရန်၊

(၇) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက သင့်လျော်သည့်နေရာတွင် သစ်ပင်များပြန်လည်စိုက်ပျိုးသွားရန်၊

(၈) ဓါတ်အားလိုင်းတစ်လျှောက် ဓါတ်လိုက်သည့်အန္တရာယ်မှ လျော့နည်းစေရန် လျှပ်စစ်စီးသည့် အစိတ်အပိုင်းနှင့် မြေစိုက်ပစ္စည်းများအကြား ၁.၅ မီတာ ခြားထားသည့် လျှပ်စစ်စီးသည့် အစိတ်အပိုင်းများအား ဖုံးအုပ်ထားခြင်း ပါဝင်သည့်ဒီဇိုင်းဖြင့် ဆောက်လုပ်သွားရန်။

မြန်မာနိုင်ငံ ... ဝန်ကြီးရုံး (stamp)

(ဈ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်ကျန်းမာရေးပစ္စည်း (First Aid) အသုံးပြုနည်းဆိုင်ရာသင်တန်းများ ပို့ချမည်ဖြစ်ကြောင်းနှင့် အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရေး လုံလောက်သည့် ဆေးဝါးများထားရှိရန်၊

(၂) ဝန်ထမ်းနှင့်အလုပ်သမားများအတွက် သတ်မှတ်ချက်များနှင့်အညီ လုံလောက်သည့် အိမ်သာများ ဆောက်လုပ်ပေးထားရန်၊

(၃) သန့်ရှင်းသည့်သောက်သုံးရေအား ဝန်ထမ်းတန်းလျားများနှင့် အလုပ်ဧရိယာများတွင် ထားရှိပေးရန်၊

(၄) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချထားရန်၊

(၅) ကာကွယ်ရေးမျက်မှန်များ၊ လက်အိတ်များ၊ လုံခြုံရေးသိုင်းကြိုးများ၊ ဦးထုပ်များ၊ ရာဘာဘွတ်ဖိနပ်ရှည်များစသည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများကို ပံ့ပိုးပေးထားရန်။

(ည) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဝင်းအတွင်း လေအရည်အသွေးအား အပတ်စဉ် စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၂) ရေအရည်အသွေးအား လစဉ်စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၃) ကုန်းနေဇီဝမျိုးစုံမျိုးကွဲများအား လစဉ်စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၄) ဒေသခံများကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို လစဉ်စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၅) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို လစဉ်စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၆) ရိုးရာဓလေ့ထုံးတမ်းစဉ်လာများအား ထိပါးမှုမရှိစေရေး အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၇) လုပ်ငန်းလည်ပတ်စဉ် အသံဆူညံမှုအား (၃) လတစ်ကြိမ်စောင့်ကြပ်ကြည့်ရှုသွားရန်။

(ဋ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဌ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို ကတိကဝတ်တွင်ဖော်ပြချက်နှင့်အညီ ဆောင်ရွက်ရမည်။

ပြည်ထောင်စု ဝန်ကြီးရုံး

(ဥ) **လျှာထားအသုံးစရိတ်။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာပါ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျှာထားအသုံးစရိတ်အား အောက်ပါ ကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးတိုင်းတာမှုအတွက် လျှာထားအသုံးစရိတ် အမေရိကန်ဒေါ်လာ (၃၀၀၀) ခန့် လျှာထားသုံးစွဲရန်၊

(၂) ဆူညံသံစီမံခန့်ခွဲမှု အစီအစဉ်အတွက် ခန့်မှန်းအသုံးစရိတ်အဖြစ် အမေရိကန်ဒေါ်လာ (၁၀၀၀)ခန့် အသုံးပြုသွားရန်၊

(ဃ) **ယာဉ်သွားလာမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအတွက် လိုအပ်သည့် ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အများပြည်သူဆိုင်ရာ ကျေးရွာလမ်းများအား ရှောင်ရှားခြင်းနှင့် ဖြစ်နိုင်ပါက အခြားလမ်းများ ဖောက်လုပ်အသုံးပြုသွားရန်၊

(၂) ဆောက်လုပ်ရေးလုပ်ငန်းခွင်များအနီးတွင် သတိပေးဆိုင်းဘုတ်၊ သင်္ကေတများ စိုက်ထူထားရှိရန်၊

(၃) ကြီးမားသည့်ဝန်များ သယ်ယူပို့ဆောင်ရာတွင် အချို့လမ်းပိုင်းနှင့် တံတားများအား အလေးချိန်ခံနိုင်ရေး အားဖြည့်တည်ဆောက်သွားရန်။

(ဏ) **နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်း။** နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းနှင့် စပ်လျဉ်း၍ ကတိကဝတ်တွင် ဖော်ပြချက်နှင့်အညီ ဆောင်ရွက်သွားရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့်

ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေဘဲ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ် ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လေဟာပြင် မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ် ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ် ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ဆူညံသံသက်ရောက်မှုသည် ဆူညံမှုအဆင့်သတ်မှတ်ချက်များအား ကျော်လွန်ခြင်း (သို့မဟုတ်) စီမံကိန်းလုပ်ငန်း၏ အပြင်နေရာတွင်ရှိသော အနီးဆုံးလက်ခံရရှိမည့် နေရာတွင် နောက်ခံဆူညံမှုအဆင့်သတ်မှတ်ချက် ၃ dBA ထက် ကျော်လွန်ခြင်းမရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ နှင့် ၂.၁.၁၀ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) လျှပ်စစ်ကဏ္ဍနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ စံနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ရေရှည်တည်တံ့စေသော ထုတ်လုပ်မှုနှင့်သုံးစွဲမှုဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည်စီမံကိန်းတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့်ရေ တို့ကို ထိရောက်အကျိုးရှိစွာ သုံးစွဲကြောင်း သေချာစေရန် သင့်လျော်သော နည်းလမ်းများကို ဆောင်ရွက်ရမည်။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် သုံးစွဲမည့် ရေပမာဏတို့ကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို လျှော့ချနိုင်မည့် သို့မဟုတ် ကုန်ကြမ်းပစ္စည်းနှင့် သုံးစွဲရေတို့ကို ပိုမိုထိရောက် အကျိုးရှိစွာ အသုံးပြုနိုင်မည့် သင့်လျော်သော အစားထိုးပစ္စည်းများ ရရှိနိုင်ခြင်း ရှိ/မရှိကို အနည်းဆုံး(၃)နှစ် တစ်ကြိမ် ဆန်းစစ်သုံးသပ်၍ မှတ်တမ်းတင်ထားရမည်။ စီမံကိန်းအဆိုပြုသူသည် ထိုသို့သော ဆန်းစစ်သုံးသပ်ချက်များမှ သင့်လျော်သည်ဟု သတ်မှတ်ဖော်ထုတ်ထားသော နည်းလမ်းများကို လက်တွေ့အသုံးချနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည်။

(ဃ) **ကုန်ကြမ်းပစ္စည်းများဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ကုန်ကြမ်းပစ္စည်းများအား အစီရင်ခံစာတွင် ဖော်ပြထားသော ရင်းမြစ်များမှ မဟုတ်ဘဲ အခြားနေရာများမှ ဝယ်ယူအသုံးပြုလျှင် သော်လည်းကောင်း၊ အရည်အသွေး မတူသော အခြား အမျိုးအစားအား ပြောင်းလဲအသုံးပြုလျှင် သော်လည်းကောင်း သက်ဆိုင်ရာ

အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဝန်ကြီးဌာနထံသို့ သီးခြားအစီရင်ခံစာဖြင့် တင်ပြရမည်။

(င) **လေအရည်အသွေးဆိုင်ရာစည်းကမ်းချက်များ။** တည်ဆောက်ရေးကာလစီမံကိန်း၏ သွယ်ယူရေးလိုင်း/ တာဝါတိုင်တစ်ခုချင်းအကြား အသုံးပြုမည့်လမ်းကြောင်း (Right of Way) များ ဖောက်လုပ်ခြင်း၊ ချဉ်းကပ်လမ်းများဖောက်လုပ်ခြင်း၊ မြေယာရှင်းလင်းခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုခြင်းတို့ကြောင့် ထွက်ရှိမည့် ဖုန်မှုန့်များကြောင့် လေထုအရည်အသွေး ညစ်ညမ်းမှုမဖြစ်စေရေး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ လမ်းညွှန်တန်ဖိုးများနှင့်အညီ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှလွှတ်ထုတ်ရမည်။

(စ) **ရေအသုံးပြုမှုနှင့်စွန့်ပစ်ရေဆိုင်ရာစည်းကမ်းချက်များ။** တည်ဆောက်ရေး ကာလနှင့် လုပ်ငန်းလည်ပတ်သည့်ကာလအတွင်း ထွက်ရှိမည့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၁.၁၀ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရမည်။

(ဆ) **ဆူညံသံနှင့်တုန်ခါမှုဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းတည်ဆောက် လည်ပတ်ရာမှ ထွက်ရှိလာသော ဆူညံသံများကို ကောင်းမွန်စွာ ထိန်းချုပ်ထားရှိသည့် နည်းလမ်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆူညံသံမြင့်မားသော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် အလုပ်သမားများအတွက် လိုအပ်သည့် တစ်ကိုယ်ရည်သုံးကာကွယ်ပစ္စည်းများဖြစ်သည့် နားကြပ်များ၊ နားအုပ်များကို လုံလောက်စွာ ထားရှိရမည်။

(ဇ) **လျှပ်စစ်ဆိုင်ရာဘေးအန္တရာယ်များဆိုင်ရာစည်းကမ်းချက်များ။** လျှပ်စစ်၊ သံလိုက်နှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့အား အများပြည်သူထိတွေ့ခံရမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ (၂.၁.၁၀) လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း (Electric Power Transmission and Distribution)နှင့်အညီဆောင်ရွက် သွားရန်၊ လျှပ်စစ်၊ သံလိုက်နှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့သည် သတ်မှတ်ထားသည့် ပမာဏထက် ကျော်လွန်နေပါက Engineering techniques များသုံး၍ လျော့ချသွားမည့် အစီအစဉ်နှင့် လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက်ရှိ အနီးဆုံးထိခိုက်ခံစားရနိုင်သူများ (Closet Receptor) များကို ကိုယ်စားပြုနိုင်မည့် နေရာများတွင် EMF Exposure Monitoring ကို ၆ လ တစ်ကြိမ်ဆောင်ရွက်ရန်၊

(ဈ) **အန္တရာယ်ရှိပစ္စည်းများနှင့် အန္တရာယ်ရှိအစိုင်အခဲစွန့်ပစ်ပစ္စည်းများဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းမှ ထွက်ရှိမည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ PCB (Polychlorinated Biphenyl), SF6 (Sulfur hexafluoride) နှင့် ထရမ်စဖော်မာဆီ စသည်တို့အား သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း ၊ စုပုံခြင်းနှင့် စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ IFC: Guidance Note 4: Community Health, Safety and Security ၊

IFC: Environmental Health Safety (EHS) Guidelines–General EHS Guidelines ၊ IFC: Environmental, Health ,Safety Guideline "1.5 Hazardous Material Management", UNEP:2002 "PCB Transformers and Capacitors From Management to Reclassification and Disposal နှင့် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားသည့် Basel Convention ပါ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စီမံခန့်ခွဲရမည့် အစီအစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

(ည) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်–

(၁) ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်ခြင်းကြောင့် သစ်ပင်များ ရှင်းလင်းခြင်းနှင့်ပတ်သတ်၍ အပင်ပြန်လည်စိုက်ပျိုးပေးခြင်းနှင့် လျော်ကြေးပေးချေခြင်းများကို သစ်တောဦးစီးဌာနနှင့် မြို့တော်စည်ပင်သာယာရေးအဖွဲ့များ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ရန်။

(ဋ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုး တိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေး တို့ကိုဆောင်ရွက်ရန်၊

(၃) ဘေးအန္တရာယ်ရှိသည့် လုပ်ငန်းဆောင်ရွက်သည့်အချိန်တွင် လုပ်သားများ ထိခိုက်မှုမရှိစေရေး (Personal Protective Equipment – PPE) ထောက်ပံ့ပေးရန်၊

(၄) လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ဖြန့်ဖြူးခြင်းကြောင့် လုပ်ငန်းခွင် အန္တရာယ်ရှိနိုင်မှုများ (ဥပမာ– Live Power Lines ၊ Working at height ၊ Electric and Magnetic Fields ၊ Exposure to Chemicals) များနှင့် ပတ်သက်၍ IFC: Environmental, Health, and Safety Guidelines for Electric Power Transmission and Distribution Guideline နှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် ဝန်ထမ်းများအား ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ပုံမှန်သင်တန်း များပေးရန်။

(ဠ) **အရေးပေါ်ဘေးအန္တရာယ်တုန့်ပြန်မှုဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အထူးသဖြင့် ပူပြင်း၍ ခြောက်သွေ့သော နွေရာသီကာလများတွင် မီးအန္တရာယ် ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် လုံလောက်သော မီးဘေးအန္တရာယ် လုံခြုံမှု လုပ်ငန်းများအား ဆောင်ရွက်ထားရှိရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ရာသီအလိုက်ရေကြီးချိန်တွင် အန္တရာယ်ရှိသော ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများအား ရေနှင့်အတူ မျောပါမှုမရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းယာယီစုပုံရာနေရာများ၊ နောက်ဆုံးစွန့်ပစ်ရာနေရာများကို ကောင်းမွန်စွာ စီမံခန့်ခွဲထားရှိရန်၊

(ဍ) **ပြုပြင်ထိန်းသိမ်းခြင်းနှင့်စစ်ဆေးမှုခံယူခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းတွင် အသုံးပြုလျက်ရှိသည့် တာဝါတိုင်များအား ပုံမှန်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နှစ်စဉ်အရည်အသွေးစစ်ဆေးရေးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဎ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) အကြိုတည်ဆောက်ရေး လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင် အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွား လာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်သွားရန်၊

(၄) စီမံကိန်းအဆိုပြုသူသည် "ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်း စီမံချက်" (Community Engagement Plan) အား စီမံကိန်းစတင်လည်ပတ်သည့် အချိန်မှ ယခုအချိန်အထိ ဆောင်ရွက်ထားရှိမှု အခြေအနေများ(ဥပမာ- လက်ရှိတွင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တိုင်ကြားချက်ရရှိမှုများ၊ ၎င်းတိုင်ကြားချက် များကို ဖြေရှင်းထားရှိမှု အခြေအနေများ အစရှိသည်ဖြင့်) တို့အား ဝန်ကြီး ဌာနသို့ (၆)လ အတွင်း သီးခြား အစီရင်ခံတင်ပြရန်၊

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး နေပြည်တော်

(၅) အများပြည်သူ လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် လျှပ်စစ်တာဝါတိုင်များနှင့် လျှပ်စစ်ခေတ်အားခွဲရုံများတွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ အကာအရံများတပ်ဆင်ခြင်း၊ ခြံစည်းရိုးများ တည်ဆောက်ခြင်းနှင့် ဒေသခံပြည်သူများအား လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲများအား ဆောင်ရွက်ပေးရန်၊

(၆) မြေယာရယူခြင်း၊ မြေယာလျော်ကြေးပေးချေခြင်း၊ သီးနှံနှင့် သစ်ပင်လျော်ကြေးပေးချေခြင်းများနှင့် အသက်မွေးဝမ်းကြောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်စပ်ပတ်သက်သော ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အခြားဆက်စပ်ပတ်သက်သူများ ပါဝင်သော ကော်မတီဖွဲ့စည်းကာ ဒေသခံများနှင့် ညှိနှိုင်းသဘောတူညီချက်များ ရယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများ၊ အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ ဆောင်ရွက်ရန်၊

(၇) စီမံကိန်း၏ မြေရယူခြင်းကြောင့် ဒေသခံများနှင့်အငြင်းပွားမှု၊ မကျေနပ်ချက်များ ဖြစ်ပေါ်ခြင်းမရှိစေရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် မြေယာလျော်ကြေးပေးချေရာတွင် ကာလပေါက်ဈေး ပေးလျော်ခြင်းသာမက အပြည်ပြည်ဆိုင်ရာ အလေ့ အကျင့်ကောင်းများနှင့်အညီ Transition Allowance ၊ Mixing Allowance နှင့် Disturbance Allowance စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားပေးချေရန်။

(ဏ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် အပြီးသတ်ပိတ်သိမ်းခြင်း အစီအစဉ်ကို လုပ်ငန်းမပိတ်သိမ်းမီ (၁) နှစ်ကြိုတင်တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းဆောင်ရွက်စဉ် သစ်ပင်များခုတ်ထွင်းရှင်းလင်းထားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်း၊ ဒေသနှင့် ကိုက်ညီသော နှစ်ရှည်ပင်များကို သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည်နှင့်အညီ စိုက်ပျိုးခြင်းနှင့် အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူ ဆောင်ရွက်ရန်။

(တ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်

ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာန သို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်–

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များမှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကိုကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ စောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်း ကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ ၇ ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ ဆောင်ရွက်ရန်နှင့် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင် ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECC နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့တင်ပြရန်။

(ထ) **စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာများကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ်တင်ပြရမည်ဖြစ်ပြီး အစီရင်ခံရမည့်ကာလ ကုန်ဆုံးပြီးနောက် (၃၀) ရက်အတွင်း တင်ပြရမည်။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ

ဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် ဖော်ပြထားသည့် အစီအစဉ်အတိုင်း တင်ပြရန်၊

(၂) စောင့်ကြပ်ကြည့်ရှုရေး အစီရင်ခံစာများတွင် အောက်ပါအချက်များအား ဖော်ပြရန် -

(ကက) ဤပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များနှင့် ကနဦးပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ အစီအစဉ်အားလုံးကို လိုက်နာ ဆောင်ရွက်ထားကြောင်း သက်သေခံစာရွက်စာတမ်းများ၊

(ခခ) တင်ပြထားသော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီ အစဉ်များအား အကောင်အထည်ဖော်ရေး အစီအစဉ်နှင့် နှိုင်းယှဉ်ဖော် ပြထားသည့် (အစီရင်ခံသည့် အချိန်အထိ) အကောင်အထည်ဖော်ခြင်း လုပ်ငန်း တိုးတက်မှုအခြေအနေ၊

(ဂဂ) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်း အခက်အခဲများကို ကုစားဆောင်ရွက်ရန် အကြံပြုချက်များနှင့် အနာဂတ်တွင် ယင်းအခက်အခဲများကို ရှောင်ရှားရန် သို့မဟုတ် ကြိုတင် ကာကွယ်ရန်အဆင့်များ၊

(ဃဃ) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များကို မလိုက်နာ သည့် လုပ်ငန်းအမျိုးအစားနှင့် အရေအတွက်၊ ကုစားဆောင်ရွက်ရန် အဆိုပြုသည့်နည်းလမ်းများနှင့် ကုစားဆောင်ရွက်ရေး လုပ်ငန်းများ ပြီးစီးရမည့် အချိန်ဇယား၊

(ငင) စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးတွေ့ ရှိချက်များ အကျဉ်းချုပ်၊

(စစ) ရှင်းပြချက်များ၊ မှတ်ချက်များပါဝင်သည့် မိမိအစီအစဉ်ဖြင့် စောင့်ကြပ် ကြည့်ရှုခြင်းအစီရင်ခံစာများအကျဉ်းချုပ်၊

(ဆဆ) လုပ်ငန်းခွင်နှင့်ဒေသခံများ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် သက်ဆိုင်သည့်မတော်တဆမှုများ၊ ဖြစ်ရပ်များအကျဉ်းချုပ်၊

(ဇဇ) တိုင်ကြားမှုများ၊ နစ်နာစေသည့် အကြောင်းအချက်များ၊ ပြန်လည် ဖြေရှင်းထားရှိမှုများ အကျဉ်းချုပ်၊

(ဈဈ) ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်း များ၊

(ညည) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ကတိပြုထားသော သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ

လက်မှတ်ပါ ပတ်ဝန်းကျင်အရည်အသွေး ဆိုင်ရာစံချိန် စံညွှန်းများ သို့မဟုတ် အခြားနည်းဖြင့် သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ တိုင်းတာရန်အချက် (Parameter) များနှင့် စည်းကမ်းချက်များအား စောင့်ကြပ်တိုင်းတာသည့် အချက်အလက်များနှင့် ၎င်းရလဒ်များ အပေါ် ပညာရပ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှုများနှင့် ဝေဖန်ပိုင်း ခြားမှုများ၊

(၃) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက် ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECC နှင့်အညီ ဆောင်ရွက် ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ် လုပ်ငန်းအစီအစဉ်များကို ကနဦး တင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(၁) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး ဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်း ဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်း ဝတ္ထုပစ္စည်း များ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြား ရမည်။

(၈) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှု စီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ် သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက် ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူ များနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(၃) စီမံကိန်းတွင်အိမ်ရာပြောင်းရွှေ့ရန်၊ ပြန်လည်နေရာချထားပေးရန် သို့မဟုတ် နေရာ ရွှေ့ပြောင်းပေးရန် လိုအပ်ပါက စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာန

က အတည်ပြုထားသည့် အစီရင်ခံစာပါ ပြန်လည်နေရာ ချထားရေး လုပ်ငန်း စီမံချက်ကို လိုက်နာဆောင်ရွက်ရန်၊ (Resettlement ဆောင်ရွက်ရသည့် စီမံကိန်းများအတွက်သာ)

(၄) လူထုအကျိုးပြုလုပ်ငန်းများ (CSR) စီမံဆောင်ရွက်ရာတွင် ဒေသခံပြည်သူ များ၏ တောင်းဆိုချက်များသာမက ၎င်းတို့အမှန်တကယ်လိုအပ်သည့် လိုအပ်ချက် များကို စနစ်တကျ ဖြည့်ဆည်းပေးနိုင်ရန်အတွက် Need-Based Assessment အပေါ် အခြေခံ၍ ဆောင်ရွက်ရန်၊

(၅) လူထုအကျိုးပြုလုပ်ငန်းများ (CSR) စီမံဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာန ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်ဖွံ့ဖြိုးတိုးတက် ရေးစီမံချက် (Township Development Plan)များနှင့် ချိတ်ဆက် ဆောင်ရွက်ရန်၊

(၆) စီမံကိန်းမှ ထပ်မံလိုအပ်နိုင်မည့် လုပ်သားအင်အား ခန့်မှန်းချက်များကို အခြေခံ၍ ဒေသခံလူငယ်များအား လိုအပ်သော သင်တန်းများပို့ချပြီး အလုပ်ခန့်အပ်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများအား ဖန်တီးရန်။

(န) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ် ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ် အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိ ကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော် ကြေညာရမည်။

(၂) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်နေစဉ် ကာလအတွင်း ဒေသခံ များနှင့် ဆက်သွယ်ပြန်ကြားရေး လုပ်ငန်းစဉ်များ၊ တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များအတွက် အချက်အလက် ထုတ်ပြန်ရေးအစီအစဉ် တစ်ရပ်ကို ရေးဆွဲ၍ အကောင်အထည်ဖော်ရမည်။

(၃) စီမံကိန်း၏လုပ်ငန်းစဉ်များတွင် ပြောင်းလဲမှု တစ်စုံတစ်ရာ ပြုလုပ်ခြင်းကြောင့် သော်လည်းကောင်း၊ ထပ်တိုးလုပ်ဆောင်မှု တစ်စုံတစ်ရာကြောင့်သော် လည်းကောင်း ဒေသခံပြည်သူများ၏ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာနှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များအပေါ် သက်ရောက်မှု တစ်စုံတစ်ရာ ရှိနိုင်မည်ဆိုပါက ဒေသခံများသို့ ကြိုတင်အသိပေး၍ တိုင်ပင် ဆွေးနွေးမည့်အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ပ) **လုပ်သားများနစ်နာမှု ဖြေရှင်းပေးရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်း အဆိုပြုသူသည် စီမံကိန်း လည်ပတ်ဆောင်ရွက်စဉ်အတွင်း လုပ်သားများ၏ တိုင်ကြားချက်/ နစ်နာချက်များကို ပြန်လည်ဖြေရှင်းပေးရန် လုပ်ငန်းစဉ်တစ်ရပ်ကို

တည်ထောင်ရမည်။ ယင်းတွင် နေရာထိုင်ခင်း အခြေအနေများကြောင့် ထွက်ပေါ်လာသော မကျေနပ်ချက် များကို တုံ့ပြန်ဖြေရှင်းပေးရန်လည်း ပါဝင်သည်။

(ဖ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ် ကြိုတင်ထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍(၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ် အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

ပြည်ထောင်စု ဝန်ကြီးရုံး ၂၁

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်း မရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံး ရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ် ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာန မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ် / ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုး သက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

-----------------------------------------